# ရာထူးတိုးမြှင့်ရေးဆိုင်ရာအဆိုပြုတင်ပြလာမှုများအပေါ် စိစစ်သဘောတူညီချက်ပြန်ကြားဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ) ၊ ၃၄(ဂ)၊ ၃၇ နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းအမှုထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) အဆင့် နှင့် ( လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )အဆင့်များအား ပြန်တမ်းဝင်အရာရှိ( လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ )အဆင့် လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက် ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁၂-၁၀-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၂၂)၌ အောက်ဖော်ပြပါ ဝန်ကြီးဌာန(၃)ခုမှ ပေးပို့လာသော ရာထူးတိုးမြှင့်ရေး အဆိုပြုချက်(၈)ခုပါ သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၄၂)ဦးနှင့် သတ်မှတ်လုပ်သက်ကိုလျှော့ပေါ့၍ အထူး ကိစ္စတစ်ရပ်အနေဖြင့် ဝန်ထမ်း(၁)ဦး၊ စုစုပေါင်းဝန်ထမ်း(၄၃)ဦးတို့အား တိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့ပါသည် -

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့် ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| ၁။ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန<br>- အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုဦးစီးဌာန | (၃)ဦး | ၁၂-၉-၂၀၂၂ | ၃-၁၀-၂၀၂၂ | ၅-၁၀-၂၀၂၂ | ၁၂-၁၀-၂၀၂၂ (၄၀/၂၀၂၂) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်ရက် | လိုအပ်သည့် အချက်အလက်များ ပြီးပြည့်စုံသည့်ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|---|
| | - အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှုဦးစီးဌာန | (၁)ဦး (လုပ်သက်လျှော့) အထူး | ၁၂-၉-၂၀၂၂ | ၃-၁၀-၂၀၂၂ | ၅-၁၀-၂၀၂၂ | ၁၂-၁၀-၂၀၂၂ (၄၀/၂၀၂၂) |
| ၂။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | | | | | |
| | (က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန | (၆)ဦး | ၂၂-၉-၂၀၂၂ | ၂၇-၉-၂၀၂၂ | ၂၈-၉-၂၀၂၂ | ၁၂-၁၀-၂၀၂၂ (၄၀/၂၀၂၂) |
| | (ခ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | (၂)ဦး | ၂၄-၈-၂၀၂၂ | ၂၈-၉-၂၀၂၂ | ၆-၁၀-၂၀၂၂ | ၁၂-၁၀-၂၀၂၂ (၄၀/၂၀၂၂) |
| | (ဂ) ဝန်ကြီးရုံး(ပို့ဆောင်ရေး) | (၂)ဦး | ၂၂-၉-၂၀၂၂ | ၂၉-၉-၂၀၂၂ | ၄-၁၀-၂၀၂၂ | ၁၂-၁၀-၂၀၂၂ (၄၀/၂၀၂၂) |
| ၃။ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | | | | | |
| | - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | (၂၉)ဦး | ၃၁-၈-၂၀၂၂ | ၂၈-၉-၂၀၂၂ | ၃၀-၉-၂၀၂၂ | ၁၂-၁၀-၂၀၂၂ (၄၀/၂၀၂၂) |